ကန့်သတ်

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# အလုပ်သမားဝန်ကြီးဌာန
# အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
# နေပြည်တော်

စာအမှတ်၊ ဖဖ၈/၅/အလရ-ဥပဒေ၂/၂၀၂၄(၁၂၄၀၆ )

ရက် စွဲ ၊ ၂၀၂၄ ခုနှစ် ၊ ဒီဇင်ဘာ လ ၂၆ ရက်

သို့

နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်စစ်ဆေးရေးမှူးများအားလုံး

အကြောင်းအရာ ။ **အများပြည်သူအလုပ်ပိတ်ရက် အမိန့်ကြော်ငြာစာ ပေးပို့ အကြောင်းကြားခြင်း**

ရည် ညွှန်း ချက် ။ (၁) နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၁-၁၂-၂၀၂၄ ရက်စွဲပါစာအမှတ်၊ ၁/၄၆၄-ရုံးပိတ်ရက်/နစက(၂၀၂၄)

(၂) ရုံးချုပ်(နေပြည်တော်)၏ ၇-၉-၂၀၂၃ ရက်စွဲပါစာအမှတ်၊ ဖဖ၈/၅/အလရ-ဥပဒေ၂/၂၀၂၃(၁၁၇၆၃)

(၃) ရုံးချုပ်(နေပြည်တော်)၏ ၁၀-၇-၂၀၂၄ ရက်စွဲပါစာအမှတ်၊ ဖဖ၈/၅/အလရ-ဥပဒေ၂/၂၀၂၄(၆၉၅၅)

၁။ ၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်၊ ပြက္ခဒိန်နှစ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့် စာချုပ်စာတမ်းများအက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၃၀-၈-၂၀၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၉၃/၂၀၂၃ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၄-၇-၂၀၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၂၈/၂၀၂၄ တို့ဖြင့် ထုတ်ပြန်ကြေညာခဲ့သည့် အများပြည်သူအလုပ်ပိတ်ရက်များအား ရည်ညွှန်း (၂) နှင့် (၃) ပါစာများဖြင့် အကြောင်းကြားခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ရာတွင် နိုင်ငံတော်အစိုးရသည် အများပြည်သူနှင့် နိုင်ငံ့ဝန်ထမ်းများ ခရီးသွားလာမှုလွယ်ကူစေရန်နှင့် ရက်ရှည်အနားယူအပန်းဖြေနိုင်စေရန်အတွက် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၅ ခုနှစ်၊ ပြက္ခဒိန်နှစ် အတွင်း အစိုးရရုံးပိတ်ရက်နှင့် အများပြည်သူတို့၏ အလုပ်ပိတ်ရက်များကြားရှိ ရုံးဖွင့်ရက် (၄) ရက် နှင့် တပေါင်းလပြည့်နေ့၏ ရှေ့ရက် (၁) ရက်၊ စုစုပေါင်း (၅) ရက်အား အများပြည်သူတို့၏ အလုပ်ပိတ်ရက်အဖြစ် သတ်မှတ်၍ အဆိုပါသတ်မှတ်ပေးသည့် ရုံးပိတ်ရက်ရှည်များ၏ ရှေ့လာမည့် စနေနေ့(၁)ရက်စီကို အစားထိုးရုံးတက်ရက်များအဖြစ် ရည်ညွှန်း(၁)ပါစာဖြင့် အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ် ကြေညာထားပါသည်-

ကန့်သတ်

| စဉ် | အများပြည်သူတို့၏ အလုပ်ပိတ်ရက် | တစ်ဆက်တည်း ရုံးပိတ်ရက် | အစားထိုး ရုံးတက်ရက် |
|---|---|---|---|
| (က) | ၃၁-၁၂-၂၀၂၄ ရက် (အင်္ဂါနေ့) | ၂၈-၁၂-၂၀၂၄ ရက်မှ ၁-၁-၂၀၂၅ ရက်အထိ (ရုံးပိတ်ရက် ၅ ရက်) | ၁၁-၁-၂၀၂၅ ရက် (စနေနေ့) |
| (ခ) | ၁၂-၃-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့)<br>၁၄-၃-၂၀၂၅ ရက် (သောကြာနေ့) | ၁၂-၃-၂၀၂၅ ရက်မှ ၁၆-၃-၂၀၂၅ ရက်အထိ (ရုံးပိတ်ရက် ၅ ရက်) | ၂၂-၃-၂၀၂၅ ရက် (စနေနေ့)<br>၂၉-၃-၂၀၂၅ ရက် (စနေနေ့) |
| (ဂ) | ၃-၁၁-၂၀၂၅ ရက် (တနင်္လာနေ့) | ၁-၁၁-၂၀၂၅ ရက်မှ ၄-၁၁-၂၀၂၅ ရက်အထိ (ရုံးပိတ်ရက် ၄ ရက်) | ၈-၁၁-၂၀၂၅ ရက် (စနေနေ့) |
| (ဃ) | ၂၆-၁၂-၂၀၂၅ ရက် (သောကြာနေ့) | ၂၅-၁၂-၂၀၂၅ ရက်မှ ၂၈-၁၂-၂၀၂၅ ရက်အထိ (ရုံးပိတ်ရက် ၄ ရက်) | ၃-၁-၂၀၂၆ ရက် (စနေနေ့) |

၃။ သို့ဖြစ်ပါ၍ နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီး/ ပြည်နယ်စစ်ဆေးရေးမှူးများ အနေဖြင့် အပိုဒ် (၂) ပါ ပြင်ဆင်သတ်မှတ်ကြေညာထားသည့် အလုပ်ပိတ်ရက်များအား မိမိတို့ စည်းကြပ်နယ်မြေအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများသို့ ထပ်ဆင့် အသိပေး အကြောင်းကြားရန်၊ လက်အောက်ခံရုံးများသို့ ဆက်လက် အသိပေးအကြောင်းကြားရန်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေကို အချိန်နှင့်တစ်ပြေးညီ မပျက်မကွက် ပြန်လည်တင်ပြရန် အကြောင်းကြားပါသည်။

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
(ဒေါက်တာအရုဏ်ဦး၊ ညွှန်ကြားရေးမှူး)

မိတ္တူကို
- ရုံးလက်ခံ
- မျှောစာတွဲ